မြန်မာနိုင်ငံသားများဘဏ်
MCB
Myanmar Citizens Bank

+951 255 883, 885
info@mcb.com.mm
www.mcb.com.mm

ရက်စွဲ။ ။၂၀၁၈ ခုနှစ်၊ ဖွန်လ (၂၂) ရက်။

# ဘဏ်ခွဲအသစ်ဖွင့်လှစ်ခြင်းအား အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ (၂၇) ခုမြောက် ဘဏ်ခွဲဖြစ်သော နေပြည်တော် (မြို့မဈေး) ဘဏ်ခွဲအား (၂၀-၆-၂၀၁၈) ရက်နေ့ နံနက်ပိုင်းမှစ၍ ဖွင့်လှစ်ပြီး ဘဏ်လုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိကြောင်း ရင်းနှီးမြှုပ်နှံသူများနှင့်အစုရှယ်ယာရှင်များသို့ အသိပေးကြေညာအပ်ပါသည်။ အဆိုပါဘဏ်ခွဲအား ဆိုင်ခန်းအမှတ် - (ပ/၂၉)၊ ပွဲရုံတန်း၊ မြို့မဈေး၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်ကောင်စီနယ်မြေ တွင် ဖွင့်လှစ်ပြီး ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါသည်။

၂။ ယင်း နေပြည်တော်ဘဏ်ခွဲသည် (၂၀၁၈-၂၀၁၉) ဘဏ္ဍာရေးနှစ်အတွင်း တတိယမြောက် ဖွင့်လှစ်သော ဘဏ်ခွဲဖြစ်ပြီး မြန်မာနိုင်ငံသားများဘဏ်အနေဖြင့် နေပြည်တော်တွင် ဒုတိယ မြောက်ဖွင့်လှစ်သည့် ဘဏ်ခွဲဖြစ်ပါသည်။ ဘဏ်ခွဲများ တိုးချဲ့ဖွင့်လှစ်ခြင်းကြောင့် ဒေသခံပြည်သူ များ ငွေကြေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် ငွေကြေးလုံခြုံစိတ်ချရမှုရှိခြင်း၊ ငွေကြေး ဆိုင်ရာလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ပြီး မန္တလေးတိုင်းဒေသကြီးနှင့် နိုင်ငံ တော်၏ စီးပွားရေးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

**မြန်မာနိုင်ငံသားများဘဏ်လီမိတက်**